အိမ်ငှါးဖို့ လိုက်ရှာမယ်ဆိုရင် အ ချိန်ယူရပါတယ်။ စဉ်းစား စရာ အများကြီး ရှိသလို၊ အထူးသဖြင့် အတွေ့အကြုံမရှိသေးသူ တွေ အဖို့ လေ့လာ သင်ယူ မှတ်သား စရာ လဲ အများကြီး ရှိပါတယ်။

NSWပြည်နယ်မှာ ငှါးနေရင် အိမ်ငှါးဖြစ်သွားပါတယ်။

ဩစတြေးလျနိုင်ငံမှာ အိမ်ငှါးတွေဟာ မိမိတို့ ရဲ့ ရပိုင်ခွင့်တွေ တာ ဝန်ဝတ္တရားတွေ ရှိပါတယ်။

အိမ် မငှါးခင်မှာ၊ ကိုယ့်ရဲ့ ရပိုင်ခွင့်တွေ နဲ့ တာဝန် ဝတ္တရား တွေ ကို သိရှိနားလည် မယ်ဆို ရင် အိမ်ရှင်နဲ့ အိမ်ငှါးကြားမှာ၊ အိမ်ငှါးအေးဂျင်းတို့ အိမ်ဖေါ် တို့ အိမ်နီး နားခြင်းတွေနဲ့ပါ အဆင်ပြေ၊ ပြဿနာပြေပြေလည်လ ည်နေနိုင်မှာဖြစ်ပါတယ်။

အိမ်ငှါးတော့မယ်ဆို ရင်၊ အရင် ပထမဦးဆုံး ကိုယ့်မှာ ဘယ်လောက်အထိ ကုန်ကျနိုင်သလဲဆိုတာကို ကြည့်ရမှာဖြစ်ပါတယ်။

ရွေးချယ်စရာ အိမ် အမျိုးစားမျိုး စုံရှိပါတယ်။

ဘယ်လိုအိမ်မျိုး ဟာ မိသားစုအတွက် အကိုက်ဆုံးဖြစ်မလဲဆိုတာကို ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။

ခြံပါတဲ့အိမ်လား၊ ခြံကလေးပါတဲ့ တိုက်ခန်းလား၊ ဒါမှ မဟုတ် သွားရေးလာရေးနဲ့နီးတဲ့ တိုက်ခန်းလား။

အလုပ်၊ဈေး၊ ကျောင်း၊ ဆေးခန်း အစရှိတာတွေ ကို သွား နိုင်ဖို့ ထည့် စဉ်းစားပါ။

ဘယ်လိုရပ်ကွက်မျိုးမှာနေချင်လဲစဉ်းစားဖို့လိုအပ်တယ်။ တချို့ ရပ်ကွက်တွေက အိမ်ငှါးမယ်ဆိုတာ ဈေးပေါတဲ့ ဂုပ်ကွက်တွေရှိပါတယ်။

အိမ်ငှါးခ ဟာ ငှါးလိုတဲ့အိမ်အမျိုးအစား နဲ့ ရပ်ကွက် ပေါ် မူတည်ပြီး ဈေးကွာပါတယ်။

အိမ်ငှါးခ ဟာ တပါတ် တကြိမ် ဒါမှမဟုတ် ၂ ပါတ် တကြိမ် ပေး ရလေ့ ရှိပါတယ်။

ဒါကြောင့်ဝင်ငွေ ကို ကြည့်ပြီး ကိုယ်ဘယ်လောက်ပေး နိုင် မလဲဆိုတာကို ချင့်ချိန်ဖို့ လိုပါတယ်။ အစား အသောက် နဲ့ နေထိုင်ဖို့ လိုအပ်တဲ့ အသုံး အဆောင်တွေ အတွက် စရိတ်ဖယ်ပြီးဘယ်လောက် ကျန် မလဲဆိုတာကို တွက်ကြည့်ပါ။

ပြည်နယ် တခုစီ တိုင်းမှာ ကိုယ်ပိုင် အိမ်ငှါး ဥပဒေတွေ ရှိပါတယ်။

NSW ပြည်နယ်က Fair Trading ဌါန က အိမ်ငှါးအိမ်ရှင်၊ အေးဂျင်းများ ဆိုင်ရာ အကြောင်းအရာတွေကိုပေးနေ ပါတယ်။ ဒီဌါနက ဘဲ စရံငွေ တွေ ကိုသိမ်းစည်းပေး ပြီး real estate အေးဂျင်းတွေ ရဲ့ စည်းမျဉ်း စည်းကမ်း စံနှုန်းတွေကို ထိန်းသိမ်းပေးပါတယ်။

အိမ်ရှင် အိမ်ငှါးကိစ္စတွေနဲ့ပတ်သက်ပြီး၊ အကြောင်း အရာ ပို သိလိုပါက Fair Trading ရဲ့ ဝဗ်ဆိုက်ဖြစ်တဲ့ www.fairtrading.nsw.gov.au ကိုသွား ကြည့် ပါ၊ ဒါမှမဟုတ်၊ ၁၃ ၃၂ ၂၀ ကို ဆက်သွယ်မေးမြန်းပါ။

စကားပြန်အကူအညီလို အပ် ရင် ၁၃ ၁၄ ၅၀ ကို ဆက်သွယ်ပါ။

ဒီတော့ အိမ်ငှါးဖို့ အဆင်သင့် ရှိ နေပြီလား?